# မြန်မာကဗျာအချို့ကပေးသော ရသခံစားမှုနှင့် အသိအမြင်များ

ဒေါ်သန်းသန်းဝင်း[၁]

## စာတမ်းအကျဉ်း

ဤစာတမ်းတွင် မြန်မာကဗျာအချို့ကပေးသော ရသခံစားမှုနှင့် အသိအမြင်များကို လေ့လာတင်ပြထားပါသည်။ ကဗျာများမှတစ်ဆင့် ဘဝပတ်ဝန်းကျင်ကို မြင်တွေ့နိုင်သည်။ အပြန့်ကျယ်သော လောကအကြောင်းကိုလည်း သိရှိနိုင်သည်။ နှစ်သက်ခြင်းရသကိုလည်း ခံစားရသည်။ ဘဝအသိအမြင် အာနိသင်ကိုလည်း ပေးစွမ်း နိုင်သည်။ ကဗျာ၏ လွှမ်းမိုးမှုအာနိသင်မှာ အစွမ်းထက်လှ၍ ကဗျာကပေးသည့် ခံစားမှုနှင့် အသိအမြင်ကို တင်ပြလိုပါသည်။ ဤသို့ လေ့လာတင်ပြရာ၌ ပုဂံခေတ်စာဆို အနန္တသူရိယအမတ်၏ "သူတည်းတစ် ယောက်" ချီ မျက်ဖြေလင်္ကာ၊ ညောင်ရမ်းခေတ်စာဆို တောင်တွင်းရှင်ငြိမ်းမယ်၏ "ငါ့ကိုကွယ် အမယ်ကြီး နဲ့ဘကြီးဖျက်လို့"ချီ အိုင်ချင်း၊ ခေတ်စမ်းစာဆို မင်းသုဝဏ်၏ "ဖိုးမောင်လာပြီ"၊ ဆရာဇော်ဂျီ၏ "လှိုင်းကလေးသင်"၊ ဆရာမ ငွေတာရီ၏ "သူရဲကောင်းသုံးယောက်နှင့် ခရီးသည်" ကဗျာ(၅)ပုဒ်၏ ရသခံစားမှုနှင့် ကဗျာကပေးသော အသိအမြင်များကို လေ့လာတင်ပြထားပါသည်။ ဤသို့ တင်ပြရာတွင် ကဗျာဖွဲ့ပုံနည်းစနစ်များကို လေ့လာတင်ပြမည်မဟုတ်ဘဲ ကဗျာများကို ဖတ်ရှုခြင်းဖြင့် ဖြစ်ပေါ်လာသည့် နှစ်သက်ခြင်းရသခံစားမှုနှင့် ကဗျာကပေးသော အသိအမြင်အပိုင်းကို အဓိကထား၍ လေ့လာတင်ပြထား ပါသည်။

သော့ချက် - ကဗျာ့ဝေါဟာရနှင့်သဘောသဘာဝ၊ ရသစာပေ၊ ရသခံစားမှုနှင့် အသိအမြင်

### နိဒါန်း

မြန်မာစာပေသမိုင်းတွင် မြန်မာကဗျာသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့ပြီး စာပေသမိုင်းကို မှတ်တမ်းတင်သည့် ပုဂံခေတ်မှသည် ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်၊ ကိုလိုနီခေတ်၊ လွတ်လပ်ရေးခေတ်နှင့် ယနေ့မျက်မှောက်ခေတ်တိုင် ခေတ် အဆက်ဆက် ကဗျာများကို ဖွဲ့နည်းမျိုးစုံနှင့်ရေးဖွဲ့၍ နှစ်သက်စွာခံစား လက်ခံလျက်ရှိကြောင်းသိနိုင် သည်။ ရှေးနှစ်ပေါင်းများစွာကပင် တည်ရှိခဲ့သော မြန်မာကဗျာများသည် အနာဂတ်ကာလများတွင် လည်း ဆက်လက်တည်ရှိနေမည်သာဖြစ်သည်။ရသမြောက် အဖွဲ့အနွဲ့များနှင့်အတူ လောကအမြင်၊ ဘဝအမြင်၊ ဓမ္မအမြင်၊ စာပေအနုပညာအမြင် စသည့်လူသားတို့အတွက် အသိအမြင်များ ပေးစွမ်းနိုင်

[၁] တွဲဖက်ပါမောက္ခ၊ သမဝါယမတက္ကသိုလ် (သန်လျင်)

သည့် အဆင့်အတန်းမြင့်မားသော ကဗျာကောင်းများစွာ မြန်မာစာပေတွင်ရှိနေကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။

ဤစာတမ်းတွင် ခေတ်အသီးသီးပေါ်ထွန်းခဲ့သော မြန်မာကဗျာများစွာအနက်မှ ပုဂံခေတ်စာဆိုအနန္တသူရိယအမတ်ကြီး၏ "သူတည်းတစ်ယောက်" အစချီ မျက်ဖြေလင်္ကာ၊ ညောင်ရမ်းခေတ်စာဆိုတောင်တွင်းရှင်ငြိမ်းမယ်၏"ငါ့ကိုကွယ်အမယ်ကြီးနဲ့ဘကြီးဖျက်လို့"ချီ အိုင်ချင်း၊ ခေတ်စမ်း စာဆိုမင်းသုဝဏ်၏ "ဖိုးမောင်လာပြီ"၊ ခေတ်စမ်းစာဆို ဆရာဇော်ဂျီ၏ "လှိုင်းကလေးသင်"၊ ငွေတာရီ၏"သူရဲကောင်းသုံးယောက်နှင့်ခရီးသည်" ကဗျာများမှပေးသော ရသခံစားမှုနှင့် အသိ အမြင်များကို လေ့လာတင်ပြထားပါသည်။

**ရည်ရွယ်ချက်**

မြန်မာစာပေရှိ ကဗျာကောင်းများသည် စာဖတ်သူများအတွက် ရသနှစ်သက်ခံစားမှုနှင့်အတူ လူ့လောကကိုကြည့်တတ်၊ မြင်တတ်၊ စာနာတတ်၊ ဆင်ခြင်တတ်သည့် အသိအမြင်များ ပေးစွမ်းနိုင် ကြောင်း ဖော်ပြလိုသော ရည်ရွယ်ချက်ဖြင့် ဤစာတမ်းကို ရေးသားထားခြင်းဖြစ်ပါသည်။ ဤစာတမ်းပါ ကဗျာများသည် ကဗျာနှစ်သက်မြတ်နိုးသူများအတွက် ရသနှစ်သက် ခံစားမှုနှင့်အတူ လောကအမြင်၊ ဘဝအသိအမြင် ခွန်အားများကို ပေးစွမ်းနိုင်လိမ့်မည်ဟု မျှော်မှန်းပါသည်။

**၁။ ကဗျာဝေါဟာရနှင့်သဘောသဘာဝ**

ကဗျာဆရာများသည် ဒိဋ္ဌဓမ္မလောကတွင် ကျင်လည်လှုပ်ရှားရင်း မိမိတို့တွေ့ကြုံခံစားရသည့် အတွေ့အကြုံနှင့် ခံစားမှုအပေါ် အခြေတည်ကာ ကဗျာဖန်တီးမှု အတတ်ပညာများဖြင့် ကဗျာများကို ရေးဖွဲ့ဖန်တီးကြသည်။ ကဗျာ၏ အဓိပ္ပာယ်ကို မြန်မာအဘိဓာန်ကျမ်းတွင်-

> **"ကဗျာ/ဂဗျာ/န - စည်းမျဉ်းများနှင့်အညီ စာလုံး၊ စာပိုဒ်အရေအတွက် ကာရန် အချိတ်အဆက်၊ အသံအနေအထားစသည် ဖြင့် စီကုံးထားသော အဖွဲ့အနွဲ့"**[၁]

ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။

အင်္ဂလိပ်စာပေပညာရှင် ဝီလံဟက်ဇလစ်ကမူ-

> **"ကဗျာဆိုသည်မှာ အတွေး၏ ဘာသာစကား၊ အာရုံတို့၏ ဘာသာစကား ဖြစ်သည်။ ကဗျာသည် လူ့စိတ်ကို အလျင်အမြန်ပျော်ရွှင်မှု၊ သို့မဟုတ် နာကျင်မှုပေးသမျှတို့နှင့် သက်ဆိုင်သည်။ ကဗျာသည် လူ၏ ရင်ကိုလည်း ထိခိုက်စေသည်။ လူ၏ အသိစိတ် ကိုလည်း ထိခိုက်စေသည်"**[၂]

ဟူ၍ ဖွင့်ဆိုထားသည်။ ထို့ပြင် ကဗျာ၏သဘောကို-

> **"ကဝိနံ ကမ္မံ ကဗျံ ကဗျာသည် ပညာရှိတို့၏ အရာဖြစ်ကြောင်းဆိုသည်။ မည်သည့် လူမျိုး၏ စာပေတွင်မဆို ကဗျာသည် အဆင့်မြင့်သော စာပေရေးသားမှုဟု စံပြုကြ ပါသည်"**[၃]

ဟူ၍ ဖော်ပြထားသည်။ ထိုအဓိပ္ပာယ်ဖွင့်ဆိုချက်များအရ ကဗျာ၏ သဘောသဘာဝကို အနှစ်ချုပ် ဖွင့်ဆိုရလျှင် ကဗျာဟူသည် စည်းကမ်း၊ စနစ်များ၊ ကာရန်အချိတ်အဆက်များနှင့် သီကုံးဖွဲ့နွဲ့သော စာဖတ်သူ၏စိတ်ကို နှစ်သက်ကျေနပ်မှုဟူသည့် ရသခံစားမှုများ ပေးစွမ်းနိုင်သည့်အပြင် အသိအမြင် များပေးစွမ်းနိုင်သော အဖွဲ့တစ်မျိုးဟု ဖွင့်ဆိုရမည်ဖြစ်ပါသည်။

[၁] မြန်မာစာအဘိဓာန်၊ ၁၉၉၁၊ ၄။

[၂] စာပေဂျာနယ်၊ စက်တင်ဘာ၊ ၁၉၉၅၊ ၁၄၄။

[၃] ချိုချိုတင့် (ပါမောက္ခ-၊ ဒေါက်တာ-)၊ ၂၀၁၁၊ ၁၇၇။

**၂။ ရသခံစားမှုနှင့် အသိအမြင်**

စာပေများတွင် လူ့အကြောင်း၊ လောကအကြောင်း၊ လူ့အမြင်၊ လောကအမြင်များကို ရေးဖွဲ့လေ့ရှိရာ ဆရာမောင်ဆုရှင်က-

> **"လူ့သမိုင်းတွင် စာပေအရေးအသား ပေါ်ပေါက်ချိန်မှစ၍ လူ့လောကကို လေ့လာ ခြင်း၊ လူ့ပတ်ဝန်းကျင်ကိုလေ့လာခြင်း၊ သဘာဝပတ်ဝန်းကျင်ကို လေ့လာခြင်း၊ လူ့စိတ်လူ့မနောကို**

**လေ့လာခြင်းတို့ ပြုလုပ်ခဲ့သောမှတ်တမ်းများသည် စာပေဖြစ် သည်။ လူ့ဉာဏ်စေစား ကွန့်မြူးချက်များလည်း ဖြစ်သည်။ ထိုစာပေတို့ကို ရသ အသွင်၊ သုတအသွင် တွေ့နိုင်သည်”**[၁]

ဟုဖော်ပြသည်။ ထို့ပြင် စာပေတွင် သုတစာပေနှင့် ရသစာပေဟူ၍ နှစ်မျိုးရှိကြောင်း ဖော်ပြထားရာ ဤတွင် ရသစာပေအကြောင်းကို အဓိကဖော်ပြလိုပါသည်။ ရသစာပေ၏ အဓိပ္ပာယ်ကို မြန်မာ အဘိဓာန်တွင်-

**“ရသစာပေ/ ရာ့သာ့စာပေ/ န- ရသပေါ်အောင် ဖွဲ့နွဲ့ရေးသားထားသော လင်္ကာ၊ စကားပြေ စသည်”**[၂]

ဟု ဖွင့်ဆိုထားသည်။ တစ်ဖန် ဆရာဇော်ဂျီက ရသစာပေနှင့်စပ်လျဉ်း၍-

**“ကဗျာကောင်း၊ ဝတ္ထုကောင်း၊ ပြဇာတ်ကောင်း စသည်တို့သည် (ဝါ ) ရသစာပေ ကောင်းဟူသည် သက်ရှိသက်မဲ့ ပတ်ဝန်းကျင်ဘဝ၌ မြင်နေကြရသော၊ ကြားနေကြ ရသော၊ ကြုံနေကြရသော အာရုံတို့အပေါ်၌ စာရေးဆရာ၏ စေတနာသက်ရောက်၍ သူ့အမြင်၊ သူ့အကြား၊ သူ့အတွေ့အကြုံတို့ကို သူ့စေတနာအလိုက် သရုပ်ဖော်ဖွဲ့ဆို ထားသော စာမျိုးဖြစ်သည်ဟု ယူဆပါသည်။ တစ်နည်းဆိုရသော် ရသစာပေကောင်း ဟူသည် စာရေးဆရာ၏ စိတ်စေတနာကို ရေးထားသောစာမျိုးဖြစ်သည်ဟု ဆိုလိုပါသည်”**[၃]

[၁] ဂန္ထဝင်စာပေစာတမ်းများ (ပထမတွဲ)၊ ၁၉၉၁၊ ၁၇၆။

[၂] မြန်မာအဘိဓာန်၊ ၉၁၊ ၃၀၃။

[၃] ဇော်ဂျီ၊ ၂၀၀၄၊ ၂၅၃။

---

ဟု ဖော်ပြထားရာ ရသစာပေတွင် ကဗျာ၊ ဝတ္ထု၊ ပြဇာတ်တို့ အကျုံးဝင်ပြီး ရသစာပေတွင် စာရေးသူ တို့၏ စေတနာခံစားချက်၊ စိတ်ကူးအတွေ့အကြုံ၊ အကြားအမြင်တို့ကို အခြေတည်၍ ရေးဖွဲ့ထား ကြောင်းသိနိုင်သည်။ စာရေးသူတို့၏ ခံစားချက်၊ စိတ်ကူးအတွေ့အကြုံ၊ အကြားအမြင်တို့ကို အခြေ တည်ရေးဖွဲ့ထားခြင်းဖြစ်သည်ဟုဆိုသော်လည်း အပျော်ဖတ်စာပေသက်သက် မဟုတ်ကြောင်းကို ဆရာဇော်ဂျီက-

**“ရသစာပေသည် လောကသဘာဝအချက်အလက် (Fact) ဖော်ပြမှုကို အဓိက ထားသော စာမျိုးမဟုတ်ပါ။ လောကသဘာဝအချက်များကိုရှာ၍ရရှိပြီးသည့် ထိုအချက်အလက်များကို အခြေပြု၍ ဘဝအကောင်းအဆိုး အကျိုးအပြစ် အသိ တင်ပြမှုကို (ဝါ ) လူ့လောက အယုတ်အမြတ်တရား (human values) တင်ပြမှုကို အဓိကထားသော စာမျိုးဖြစ်သည်”**[၁]

ဟု ရသစာပေ၏ သဘောကို ဖော်ပြထားသည်။

ထို့ကြောင့် ရသစာပေတွင် အကျုံးဝင်သည့် ဝတ္ထု၊ ကဗျာ၊ ပြဇာတ်များသည် စာဖတ်သူအား ပျော်ပြေမှုပေးစွမ်းနိုင်ခြင်း၊ နှစ်သက်မှုပေးစွမ်းနိုင်ခြင်း၊ နှစ်သက်မှုကို အကြောင်းပြု၍ အသိအမြင်

အတွေးအခေါ်များကို ပေးစွမ်းနိုင်သည့်စာမျိုးဖြစ်သည်ဟုဆိုနိုင်ပါသည်။ ရသစာပေ ဖန်တီးသော စာပေပညာရှင်များသည် မိမိတို့ရေးသားသော ကဗျာ၊ ဝတ္ထု၊ ပြဇာတ် စသည့် ရသစာပေများတွင် နှစ်သက်ဖွယ်ရသ (၉)ပါးအရသာကို ထည့်သွင်းကာ ဖန်တီးရေးဖွဲ့ကြသည်။

ဤတွင် ရသ(၉)နှင့်စပ်လျဉ်းပြီး ဆရာကြီးမောင်ခင်မင် (ဓနုဖြူ)က သုဗောဓာလင်္ကာကျမ်းကို ကိုးကား၍-

> **"(၁) မိန်းမနှင့်ယောကျ်ားတို့ ချစ်ကြိုက်ခြင်း သိင်္ဂါရရသ (၂) ပြုံးရယ်ခြင်းဟူသော ဟာသရသ (၃) စိုးရိမ်ကြောင့်ကြ သနားခြင်းဟူသော ကရုဏာရသ (၄) ကြမ်းကြုတ် ခြင်းသဘောရှိသော ရုဒ္ဒရသ (၅) လုံ့လဝီရိယဟူသော ရဲရင့်ခြင်းသဘောရှိသော**

[၁] ဇော်ဂျီ၊ ၁၉၉၄၊ ၈၃။

> **ဝီရရသ (၆) ကြောက်ခြင်းဟူသော ဘယာနကရသ (၇) စက်ဆုပ်ရွံရှာခြင်းဟူသော ဝိဘစ္ဆရသ (၈) အံ့သြခြင်းဟူသော အဗ္ဘုတရသ (၉) ငြိမ်သက်တည်ကြည်ခြင်း ဟူသော သန္တရသ"[၁]**

ဟု ရသ (၉)ပါး၏ အဓိပ္ပာယ်ကို ရှင်းလင်းဖော်ပြထားသည်။ ဖော်ပြပါ ရသခံစားမှုများကို ထည့်သွင်း ၍ ဖန်တီးထားသော ရသစာပေများသည် ရသစာပေသက်သက်ဖြစ်ရုံနှင့် မပြီးသေး။ အဆင့်အတန်း ရှိ၍ အစွမ်းအာနိသင်ရှိသောသော ရသစာပေကောင်းဖြစ်ရန် လိုအပ်ကြောင်းကို-

> **"အဆင့်အတန်းရှိသော ကဗျာအပါအဝင် ရသစာပေသည် ပရိသတ်၌ ရသဟူသော နှစ်သက်ခြင်းကို ဖြစ်စေလျက် ရသနှင့်အတူ ပတ်ဝန်းကျင်ကို သတိပြုမိစေခြင်းဖြင့် ကိုယ့်အတွက်သာ စဉ်းစားချင်သော ငါစွဲလျော့ပါးစေပြီး ဘဝအမောပြေစေ နိုင်သည်"[၂]**

ဟု အဆင့်အတန်းရှိသော ရသစာပေများ၏ အစွမ်းအာနိသင်ကို ဖော်ပြထားသည်။

ပုထုဇဉ်လူသားတို့အနေနှင့် ပုထုဇဉ်သဘာဝ လှုပ်ရှားသွားလာလုပ်ကိုင်ရင်း နေ့စဉ်နှင့်အမျှ ဒေါသ၊ မောဟ၊ လောဘ၊ မာန်၊ မာန ထောင်လွှားမောက်မာမှုများ ဖြစ်တတ်သလို ကြောင့်ကြစိတ်၊ တောင့်တစိတ်၊ အားငယ်စိတ်၊ အထီးကျန်စိတ်စသော သိမ်ငယ်အားငယ်မှုများလည်း ခံစားရ တတ် သည်။ ထိုလောဘ၊ ဒေါသ၊ မောဟ၊ ကြောင့်ကြ၊ တောင့်တစိတ်များကိုပင် ဘဝအမောဟုဆိုချင် ကြောင်း ဆရာဇော်ဂျီက-

> **"ဘဝအမောဆိုသည်မှာ လောဘ၊ ဒေါသ၊ မောဟစိတ်တို့ကြောင့် မောဟိုက်ခြင်းကို ဆိုလိုသည်"[၃]**

ဟု လူသားတို့ခံစားရသည့် ဘဝအမောများကိုဖွင့်ဆိုပြသည်။ ရသစာပေသည် လူသားတို့ခံစားရသော ဘဝအမောတို့အတွက် ငြိမ်းချမ်းမှုပေးရာ၊ နှစ်သိမ့်မှုပေးရာ၊ ဖြေဆည်မှုပေးရာ၊ ဆင်ခြင်နိုင်မှုပေးရာ

[၁] ခင်မင်၊ မောင်၊ (ဓနုဖြူ)၊ ၂၀၁၀၊ ၁၃၈။

[၂] -ယင်း-၊ ၁၃၉။

[၃] ဇော်ဂျီ၊၂၀၀၄၊ ၂၇၆။

ဆေးစွမ်းတစ်လက်နှင့်တူကြောင်းကို-

> **"ရသစာပေသည် ဘဝအမောသမားများကို ထိုဘဝအမောမှ လွတ်မြောက်စေရေး အတွက် တက်ကြွခြင်း၊ ရဲရင့်ခြင်းတို့ ဖြစ်လာအောင်ကား ပြုပေးနိုင်သည်"**[၁]

ဟု ရသစာပေ၏အစွမ်းကို ဖော်ပြထားသည်။ ရသစာပေကောင်းကိုဖတ်ရှုခြင်းဖြင့် လောကပတ်ဝန်း ကျင်ကိုလည်း သတိပြုမိနိုင်သည်။ မိမိ၏ လောဘ၊ ဒေါသ၊ မောဟ၊ မာန ထောင်လွှားမှုများကို လည်း ကိုယ်တိုင်သတိပြု ဆင်ခြင်တတ်လာသည်။ ဤသို့ ဆင်ခြင်သုံးသပ်နိုင်သည့်အတွက် မိမိ အကျိုး၊ သူတစ်ပါးအကျိုးကို မျှတစွာ သယ်ပိုးလိုစိတ် ဖြစ်ပေါ်စေသည်။ ကိုယ်၊ နှုတ်၊ နှလုံး သုံးပါး ကို ဆင်ခြင်နိုင်၍ သတ္တဝါများအပေါ် ကိုယ်ချင်းစာတရား၊ မေတ္တာတရား၊ ကရုဏာတရားဖြင့် ကြည့်မြင်နိုင်သော အသိအမြင်၊ အသိတရားများ ရရှိစေသည်။

ဤစာတမ်းတွင် တင်ပြထားသော ကဗျာငါးပုဒ်မှာ သနားခြင်း၊ ကျေနပ်နှစ်သက်ခြင်း၊ ရွှင်မြူးခြင်း၊ တက်ကြွခြင်းဟူသော ရသခံစားမှုများကို ဖြစ်ပေါ်စေလျက် တရားအသိ၊ ဘဝအသိ၊ လောကအသိအမြင်များကို ပေးနိုင်သော ကဗျာများဖြစ်ကြောင်း လေ့လာတင်ပြသွားမည်ဖြစ်ပါသည်။

---

[၁] ဇော်ဂျီ၊၂၀၀၄၊၂၇၆။

## ၃။ ကဗျာကပေးသော ရသခံစားမှုနှင့် အသိအမြင်များ

### ၃၊၁။ သူတည်းတစ်ယောက်ချီမျက်ဖြေလင်္ကာ

ဦးစွာ ပုဂံခေတ်စာဆို အနန္တသူရိယအမတ်၏ သူတည်းတစ်ယောက် အစချီမျက်ဖြေလင်္ကာမှပေး သော ရသခံစားမှုနှင့် အသိအမြင်ကို တင်ပြလိုပါသည်။ မြန်မာစာပေလောကတွင် ဤကဗျာနှင့် ပတ်သက်၍ ပုဂံခေတ်ကဗျာဟုတ်မဟုတ် အငြင်းပွားစရာအချက်များကို စာပေသုတေသီများက ထောက်ပြခဲ့ကြသည်။

ဤစာတမ်းတွင် သူတည်းတစ်ယောက် အစချီ မျက်ဖြေလင်္ကာမှာ ပုဂံခေတ်ကဗျာ ဟုတ်မဟုတ် ပညာရှင်များ အငြင်းပွားကြသည့်အချက်ထက် ဤကဗျာကပေးသော ရသခံစားမှုနှင့် အသိအမြင် ကိုသာ အဓိက ဖော်ပြလိုပါသည်။ ကဗျာမှာ-

**သူတည်းတစ်ယောက် ချီ မျက်ဖြေလင်္ကာ**

(၁) "သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ၊ သူတစ်ယောက်မှာ၊ ပျက်လင့် ကာသာ၊ ဓမ္မတာတည်း။

(၂) ရွှေအိမ်နန်းနှင့် ကြငှာန်းလည်းခံ၊ မတ်ပေါင်းရံလျက်၊ ပျော်စံရိပ်ငြိမ်၊ စည်းစိမ် မကွာ၊ မင်းချမ်းသာကား၊ သမုဒ္ဒရာ၊ ရေမျက်နှာထက်၊ ခဏတက်သည့်၊ ရေပွက် ပမာ၊ တစ်သက်လျာတည်း။

(၃) ကြင်နာသနား၊ ငါအားမသတ်၊ ယခုလွတ်လည်း၊ မလွတ်ကြမ္မာ၊ လူတကာတို့၊ ခန္ဓာခိုင်ကျဉ်၊ အတည်မမြဲ၊ ဖောက်လွဲတတ်သည်၊ မချွတ်စရာ၊ သတ္တဝါတည်း။

(၄) ရှိခိုးကော်ရော်၊ ပူဇော်အကျွန်၊ ပန်ခဲ့တုံ၏၊ ခိုက်ကြုံဝိဘတ်၊ သံသာစက်၌၊ ကြိုက်လတ်တွန်မှု၊ တုံ့မယူလို၊ ကြည်ညိုစိတ်သန်၊ သခင်မွန်ကို၊ ချန်ဘိစင်စစ်၊ အမြစ်မဲ့ရေး၊ ခွင့်လျှင်ပေး၏၊ သွေးသည်နိစ္စာ၊ ငါ့ခန္ဓာတည်း"[၁]

ဤကဗျာသည် မြန်မာလူမျိုး၊ ကဗျာဝါသနာပါသူ၊ ကဗျာချစ်မြတ်နိုးသူများ၏စိတ်ကို လွှမ်းမိုးနိုင် စွမ်းရှိသော ကဗျာဖြစ်သည်။

[၁] ဂန္ထဝင်စာပေစာတမ်းများ (ပ)တွဲ၊ ၁၉၉၁၊ ၁၀၇။

ဤကဗျာနှင့်စပ်လျဉ်း၍ ဆရာဦးဖေမောင်တင်က-

**"နရပတိစည်သူမင်းကြီးလက်ထက် သက္ကရာဇ် ၅၃၆ ခုနှစ်တွင် မင်းယဉ် နရသိင်္ခ၏ အထိန်းတော် အနန္တသူရိယအမတ်သည် မင်းပြစ်ဒဏ်ရာဇသံကြောင့် သေရမည့်ဆဲဆဲ တွင် ရေးသားခဲ့သော ကဗျာဖြစ်သည်ဟု အများယုံကြည်ကြ၏။ မှတ်သားစံတင် လောက်သော တရားသဘောများ ပါရှိ၏။ ကိုယ်ခန္ဓာစည်းစိမ်ဥစ္စာတို့၏ မမြဲတတ် သော အနိစ္စ သဘောတရားသည် မှန်လေစွတကားဟု ရေးသားသည့်အခါ ထင်မြင် အောက်မေ့ဟန်**

> **လက္ခဏာရှိသည်။ သေရမည့်ဆဲဆဲတွင် ကိုယ်တိုင်ဒိဋ္ဌ တွေ့ကြုံရ သည့် အကြောင်းကို စပ်ဆိုခဲ့ခြင်းကြောင့် စိတ်ခတ်ကို ထိခိုက်အောင် တိုတိုနှင့် ပင်ကောင်းလှ၏”**[၁]

ဟု သုံးသပ်ဖော်ပြခဲ့သည်။ ဤကဗျာဖတ်ပြီးချိန်တွင် ဦးစွာခံစားရသည်မှာ စိတ်ထိခိုက် ကြေကွဲခြင်း၊ ကွပ်မျက်ခံရမည့်စာဆိုအပေါ် သနားခြင်းဟူသည့် ကရုဏာရသခံစားမှုပင် ဖြစ်သည်။ သေအံ့ဆဲဆဲ တွင် ရေးခဲ့သောကဗျာဟု မထင်ရအောင် တည်ငြိမ်သည့် စိတ်ထား၊ ခွင့်လွှတ်သည်းခံနိုင်သော စိတ်ထား၊ ဒေါသကို ထိန်းသိမ်းနိုင်သည့် စွမ်းအားများကို လေးစားဖွယ်တွေ့ရှိရသည်။

လူတကာတို့ ရှောင်လွှဲမရသည့် သေခြင်းတရား၊ ထိုသေခြင်းတရားသည်ပင် ဖြစ်ရိုးဖြစ်စဉ် ရောဂါဘယခံစား၍ ရင်ဆိုင်ရမည့် သေခြင်းတရားမဟုတ်ဘဲ ရက်စက်စွာကွပ်မျက်ခြင်းခံရမည့် သေခြင်းတရားဖြစ်သည်။ ဤအဖြစ်ဆိုးကို ရဲဝံ့စွာ ရင်ဆိုင်သွားသည့် ခိုင်ကျည်သောစိတ်ထားကို တွေ့ရှိရသဖြင့် အံ့ဩလေးစားဖွယ် အဗ္ဘုတရသကိုဖြစ်ပေါ်စေသည်။ သံသရာတွင် အတုံ့အလှည့်ရှိ ကြောင်း သတိပေးသွားသည်မှာလည်း ကြောက်ရွံ့သံဝေဂယူဖွယ် ဘယာနကရသကို ခံစားမိစေသည်။

ဤသံသရာကြွေးကိုပင်တုံ့မယူလိုကြောင်း၊ ခွင့်လွှတ်ကြောင်း မိမိအသက်ကိုသတ်ရန် စေညွှန်းခဲ့သူကို ရန်သူဟုမမှတ်၊ မိမိအရှင်အဖြစ်သာစွဲမှတ်၍ ရိုသေစွာပင် ဂါရဝပြုခဲ့ကြောင်း တည်ငြိမ်စွာလျှောက်တင် ချက်များက အံ့ဖွယ်စိတ်ထားမြင့်မြတ်မှုကို လှစ်ဟပြနိုင်သဖြင့် အံ့ဩလေးစားမှု အဗ္ဘုတရသနှင့်အတူ

---

[၁] ဖေမောင်တင်၊ဦး၊ ၂၀၁၃၊ ၂၇။

စိတ်ထားမြတ်သော ယောကျ်ားကောင်းတစ်ဦး၏ လုပ်ရပ်၊ ဆုံးဖြတ်ချက်၊ ခံယူချက်များကို နှစ်သက် လေးစားမှုဟူသည့် ပန်းတိုင်ရသဖြစ်သော သန္တရသသို့ ဆွဲခေါ်သွားနိုင်ပေသည်။ ထို့ပြင် လူသားတို့သည်

> **“လာဘ- လာဘ်ရခြင်း၊ အလာဘ- လာဘ်မရခြင်း၊ ယသ- အခြွေအရံရှိခြင်း၊ အယသ- အခြွေအရံမရှိခြင်း၊ နိန္ဒာ- ကဲ့ရဲ့ခံရခြင်း၊ ပသံသာ- ချီးမွမ်းခံရခြင်း၊ သုခ- ချမ်းသာခြင်း၊ ဒုက္ခ- ဆင်းရဲခြင်း”**[၁]

ဟူသော လောကဓံတရား (၈)ပါးနှင့် မလွဲမသွေ ရင်ဆိုင်ကြရပေမည်။ ဤလောကဓံ(၈)ပါးအနက် ချမ်းသာခြင်း၊ ခြွေရံပေါခြင်း၊ လာဘ်ရခြင်း၊ ချီးမွမ်းခံရခြင်းဟူသော အကောင်းလောကဓံများနှင့် ကြုံရလျှင် လောကဓံဟု မမှတ်ယူဘဲ မော်ကြွား၊ ပျော်ပါးကာ တရားမေ့တတ်ကြသည်။ ထိုအကောင်း လောကဓံတရားများကို ခံစားရလျှင်လည်း တရားအသိ၊ သတိရှိရန်လိုကြောင်း ထိုစည်းစိမ်ချမ်းသာ များမှာ သမုဒ္ဒရာထက်သို့ ခဏတက်လာသည့် ရေပွက်ပမာ တစ်ဒင်္ဂအချိန်သာဖြစ်ကြောင်း၊ ဆင်းရဲ ဒုက္ခသာမက ချမ်းသာခြင်းဒုက္ခကိုလည်း ခံစားနိုင်သည့် သတိတရားရှိရန်လိုကြောင်း မီးမောင်းထိုး ပြနိုင်သည်။

“သစ်ငုတ်မြင့်တုံ၊ မြက်မြင့်တုံ” ဟူသည့် စကားပုံအတိုင်း သံသရာတွင် အတုံ့အလှည့်ရှိမြဲ ဖြစ်ကြောင်း သတိတရားရစေသည်။ အနိုင်ရတိုင်း မော်ကြွားမောက်မာသူမဖြစ်သင့်ကြောင်း၊ ခန္ဓာရှိ သည့် သတ္တဝါတိုင်း မတည်မြဲ ဖောက်ပြန်ပျက်စီးရမည်မှာ ဓမ္မတာဖြစ်ကြောင်း၊ ခန္ဓာအပါအဝင် စည်းစိမ်ဥစ္စာမှန်သမျှ မတည်မြဲသည့် အနိစ္စသဘောဆောင်ကြောင်း ညွှန်ပြကာ တရားအသိအမြင် လောကအသိအမြင် ပေးစွမ်းနိုင်သည်။ စိတ်ထားတတ်ရန် ညွှန်ပြနိုင်သည့် ကဗျာကောင်းဖြစ်သည်။

လူ့ဘဝ၏ လောကခံသဘော၊ တရားသဘောတို့ကို စိတ်ထိခိုက်လှုပ်ရှားဖွယ် ရသခံစားမှုများ နှင့်အတူ သိမြင်ဆင်ခြင်နိုင်ရန် လှစ်ဟဖွင့်ဆိုနိုင်သည့် ကဗျာကောင်းဖြစ်ပါသည်။

---

[၁] ထွန်းမြင့်၊ ဦး၊ ဒဂုန်။ ၁၉၉၇၊ ၁၇၂။

## ၃၊၂။ ငါ့ကိုကွယ်၊ အမယ်ကြီးနဲ့ ဘကြီးဖျက်လို့ ချီအိုင်ချင်း

ဆက်လက်၍ ညောင်ရမ်းခေတ်စာဆို တောင်တွင်းရှင်ငြိမ်းမယ်၏ “ငါ့ကိုကွယ်အမယ်ကြီးနဲ့ ဘကြီးဖျက်လို့” အစချီ အိုင်ချင်းမှရရှိသော ရသနှင့် အသိအမြင်ကို ဖော်ပြလိုပါသည်။ ကဗျာတွင်-

**ငါ့ကိုကွယ်၊ အမယ်ကြီးနဲ့ ဘကြီးဖျက်လို့ ချီအိုင်ချင်း**

“ချစ်တဲ့သူငယ်လေ၊ သူငယ်ချင်းကောင်း၊ ယောင်းမတို့လေ၊
ငါ့ကိုကွယ်၊ အမယ်ကြီးနဲ့ ဘကြီးဖျက်လို့၊
အိမ်ထောင့်လေးမှာ၊ ဆူးတွေချလျက်၊
ဖျက်နဲ့ငယ်မှ စေ့စုံ၊ လှေကားခုံမှာ၊
ဂဠုန်မောင့်ကြောင့်၊ စောင့်တော့တယ်။
လှေကားဦးမှာ၊ ဘီလူးမောင့်ကြောင့် ထိုင်တော့တယ်။
လှေကားခြေမှာ၊ ဆူးလေမောင့်ကြောင့် ကြဲတော့တယ်။
အိမ်တိုင်တိုင်းမှာ၊ နွားရိုင်းမောင့်ကြောင့် ချည်တော့တယ်။
ထရံကြားမှာ၊ ဓားသွားမောင့်ကြောင့် ထားတော့တယ်။
အိမ်ကြမ်းကြားမှာ၊ အပ်သွားမောင့်ကြောင့် စီတော့တယ်။
အိမ်ခေါင်မိုးမှာ၊ လုံထောင်မောင့်ကြောင့် စိုက်တော့တယ်။
မောင်လည်းဘယ်က တက်ပါမယ်၊ မယ်လည်းဘယ်က ဆင်းရမယ်။

ကြွက်ကဲ့အယောင်၊ ကြောင်ရဲ့အလား၊

ထုပ်နှင့်လျှောက်ကို၊ ထိုးဖောက်သွားက၊

ထုပ်သားငယ်မှမခိုင်၊ ထုပ်တိုင်ငယ်မှပိုးထိုး၊

အလယ်ကောင် ဖောင်ဖောင်ကျိုးက၊ သူခိုးဆိုညွှန်း၊

မီးလင်းထွန်း၍၊ ဝန်းကြသောခါ၊

ဆင်းချခုန်၊ လမ်းဆုံရောက်ပါလိမ့်မလားရှင်။

ညီမအထွေး၊ ရွှေတလေးကို၊

ပြေး၍ကြည့်ချေ၊ စေလေသောအခါ၊

အမယ်မမ၊ ကျွန်မခဲအို၊

မြင်ခဲ့ငါတို့၊ ရွာလယ်ကောင် ခုတင်ကြီးမှာ စောင်းတီးလို့လေး။"[၁]

ဤကဗျာသည် ရှေးကမြန်မာလုံမပျို၊ လုလင်ပျိုတို့၏ အချစ်ရေးကို ဟာသနှော၍ ဖွဲ့ဆို ထားသော ကဗျာဖြစ်သည်။ ရှေးက မြန်မာလုံမပျို၊ လုလင်ပျိုတို့သည် တစ်ဦးသဘောကို တစ်ဦး အချိန်ယူ၍ လေ့လာပြီးမှ အိမ်ရာတည်ထောင်ကြသည်။ လေ့လာဆဲကာလတွင် မိန်းကလေးများက မိဘမောင်ဖွားအုပ်ထိန်းမှုအောက်တွင် စည်းကမ်းသေဝပ်စွာ နေထိုင်ကြရသည်။ ဤကဗျာပါ လုလင် ပျိုကို မိန်းကလေး၏ မိဘမောင်ဖွားများက သဘောတွေ့ဟန်မရှိပေ။ ထို့ကြောင့် ဘီလူး၊ သဘက်လို ကြောက်မက်ဖွယ်ကောင်းသော အရှိန်အဝါရှိသော အကိုမောင်ဖွား၊ ဘကြီး၊ ဦးလေးတို့၏ စောင့်ရှောက် မှု၊ စည်းစနစ်သိက္ခာကြီးသော ဒွေးကြီး၊ ဒွေးလေးတို့၏ အုပ်ထိန်းမှုကြောင့် မိန်းကလေးခမျာ ချစ်သူနှင့် တွေ့ခွင့်ရဟန်မတူပေ။

ဤနေရာတွင် ဘီလူး၊ သဘက်၊ ဂဠုန်ဟူသည် မြန်မာ့ရိုးရာအရ စီရင်ထားသော အင်းအိုင် လက်ဖွဲ့အဆောင်များ မဟုတ်နိုင်၊ ဘီလူး၊ သဘက်၊ ဂဠုန်တမျှ ကြောက်မက်ဖွယ် ခက်ထန်သော အားကောင်းကြံ့ခိုင်သည့် အကိုမောင်ဖွားများကို ဆိုလိုဟန်ရှိပါသည်။ ချစ်သူကို တွေ့ခွင့်မရရှာသည့် မိဘကိုမလွန်ဆန်နိုင်သည့် မိန်းကလေးအနေနှင့် မိမိထံ ချစ်သူက ခိုးကြောင်ခိုးဝှက် လာရောက် တွေ့ဆုံရန် ကြိုးစားလျှင် ဒုက္ခရောက်မည်ကို စိုးရိမ်ပြန်သည်။ ဤသို့ ချစ်ဒုက္ခသောကခံစားနေရသော မိန်းကလေးက ချစ်သူလည်း မိမိကဲ့သို့ ခံစားနေရမည်ဟူသော အတွေးအထင်ဖြင့် ညီမငယ်ကို သွားရောက်ကြည့်ခိုင်းရာ ချစ်သူလုလင်ပျိုမှာ ရွာလယ်ကောင်တွင် ကာလသားတစ်သိုက်နှင့် စောင်းတီးပျော်ပါးနေကြောင်းကို တွေ့လိုက်ရသည်ဟူ၍ ကဗျာကို အဆုံးသတ်ရေးဖွဲ့သည်။

ဤကဗျာသည် မြန်မာ့ကျေးလက်လူငယ်သဘာဝ ချစ်ခြင်းအကြောင်းကို ဖွဲ့ဆိုထားသော သိင်္ဂါရရသမြောက်ကဗျာလေးဖြစ်သည်။ သိင်္ဂါရရသအပြင် ချစ်ဒုက္ခနှင့် သောကအပူကို မျိုသိပ်ခံစား

[၁] ဇော်ဂျီ၊ဆရာ၊ ၂၀၀၄၊ ၄၀။

နေရသော လုံမပျို၏အဖြစ်ကို စာနာသနားဖွယ် တွေ့ရှိရသဖြင့် ကရုဏာရသကို ခံစားရစေသည်။ ကဗျာအဆုံးတွင်မူ အလွမ်းထက် ပြုံးချင်ဖွယ်ဖြစ်ရပ်လေးကို ဖော်ပြကာ ရွှင်မြူးဖွယ်ဟာသရသနှော၍ အဆုံးသတ်ထားပုံမှာ နှစ်သက်ဖွယ်ဖြစ်သည်။

အိုင်ချင်းစာဆိုပေးလိုသည့် ရည်ရွယ်ချက်မှာ ချစ်မှုရေးရာ အိမ်ရာတည်ထောင်ရန်အတွက် အိမ်ထောင်ဖက်ရွေးရာတွင် လူကြီးမိဘတို့ချမှတ်ထားသည့် စည်းမျဉ်းကိုလိုက်နာ၍ လူရိုးလူကောင်း ကို ရွေးချယ်တွေ့ဆုံနိုင်ရန်၊ မိမိကို တကယ်ချစ်သူ မချစ်သူ ခွဲခြားနားလည်စေရန် ဖြစ်သည်။ "အိမ် ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး၊ ဤသုံးမျိုး၊ ချက်မပိုင်လျှင် နောင်ပြင်ရန်ခက်သည့် အမျိုး" ဟူသည့် ဆိုရိုးစကားအတိုင်း လူကြီးမိဘတို့ ဆုံးမစကားကို လိုက်နာသင့်ကြောင်း၊ မိန်းကလေးနှင့် ယောကျ်ားလေးတို့၏ ဘဝရပ်တည်မှုတွင် "အချစ်"နှင့်ပတ်သက်၍ အရေးပါပုံ ခံစားပုံ အနေအထားခြင်း မတူကြောင်း၊ အထင်နှင့်ဆုံးဖြတ်ချက်မှာ တစ်ခါတစ်ရံ မှားယွင်းတတ် ကြောင်း၊ စိတ်ကူးအထင်ထက် ဒိဋ္ဌဓမ္မလက်တွေ့ကျကျ ဆုံးဖြတ်ရန်လိုကြောင်း အသိအမြင်ကို နှစ်သက်ရွှင်မြူးဖွယ် ရသခံစားမှုရောစွက်၍ ဖော်ပြသွားသည်။

**၃.၃။ ဖိုးမောင်လာပြီ**

ဆက်လက်၍ ဆရာမင်းသုဝဏ်၏ "ဖိုးမောင်လာပြီ" ကဗျာမှပေးသော ရသခံစားမှုနှင့် အသိ အမြင်ကို လေ့လာတင်ပြလိုပါသည်။ ဆရာမင်းသုဝဏ်သည် ကလေးကဗျာများ၊ သဘာဝလောက ရှုခင်းများအကြောင်း ဖွဲ့နွဲ့ရာတွင် အလွန်ထင်ရှားသော ကဗျာစာဆိုဖြစ်သည်။ တိုင်းပြည်အရေးကိစ္စ များကိုလည်း ကြွေးကြော်ဖွဲ့နွဲ့တတ်သည်။ ယခု "ဖိုးမောင်လာပြီ"ကဗျာတွင် အချစ်ကိစ္စမပါ ၊ တောတောင်သဘာဝရှုခင်းအဖွဲ့များမပါ၊ တံငါသည် ဖိုးမောင်အကြောင်းကို ရိုးရှင်းစွာ ဖွဲ့နွဲ့ထား သော်လည်းစွဲမက်ရင်နင့်ဖွယ်ကဗျာလေးတစ်ပုဒ်အဖြစ် ခံစားမိပါသည်။ ကဗျာတွင်-

**ဖိုးမောင်လာပြီ**

မှိုင်းညို့ညဥ့်ရိပ်၊ လူခြေတိတ်၌
ရေဆိပ်အနား၊ ရွာတံခါးမှ
ဂုတ်ကျားကျယ်လောင်၊ ဆီးကြိုဟောင်သော်
"ဖိုးမောင်လာပြီ" ဆိုကြသည်၊
ဟောင်သံရပ်၍၊ ထပ်ကြပ်ပေါ်လာ

အသံမှာကား၊ ညခါငါးထောင်
မောင်ဖိုးမောင်သည်၊ ရွာတောင်ချောင်းက ပြန်ခဲ့ပြီ
ဖိုးမောင်သံကြား၊ ကင်းသမားက
တံခါးကြီးအောက်၊ မလွယ်ပေါက်ကို
တစ်ယောက်ဝင်သာ၊ ဖွင့်လိုက်ပါသော်
ယာတွင်အုပ်ဆောင်း၊ ဝဲလက်ချောင်းနှင့်
ခါးစောင်းကိုယ်ကိုင်း၊ ငါးပလိုင်းကို
လွယ်သိုင်းပြီးလျှင်၊ ရွာကိုဝင်သည်
လူပင်လေလား၊ တစ္ဆေလား။
တစ္ဆေမကြောက်၊ မြွေမကြောက်ဘဲ
တစ်ယောက်တည်းပင်၊ ညဥ့်မှောင်တွင်၌
သူလျှင်ငါးရှာ၊ မကျွေးပါက
ထိုရွာသူသား လူအများတို့
ငါးစိုငါးစိမ်းငတ်ပေလိမ့်
ဆောင်းတစ်ညဌ
ချမ်းမြေ့စိမ့်အေး၊ လခြမ်းကွေး၍
ရွာဘေးကျီပျက်၊ မှောင်နက်နက်မှ
ဇီးကွက်ကအော်၊ တောက်တဲ့ကြော်စဉ်
ရွာပေါ်လွမ်းအောင်၊ဂုတ်ကျားဟောင်သည်
ဖိုးမောင်လာချိန်ပါတကား
သို့ဖြစ်သော်ငြား၊ ခါတစ်ပါးသို့
တံခါးဝင်လို သူမဆိုဘဲ
‘မောင်းကိုထုပါ၊ လူစုပါဟေ့
ရွာကိုဘေးမှ၊ ကာကွယ်ကြလော့
ဓားပြင့်ါအား၊ ဖမ်း၍ထား’ဟု
စကားမဆုံး၊ ဟစ်အော်တုန်းတွင်
ဒိုင်းဒုန်းဒိန်းသံ၊ ရွာလုံးညံသည်

ချောင်းယံ ပဲ့တင်ထပ်သတည်း။

ဖိုးမောင်နိဂုံး၊ ဤတွင်ဆုံးလည်း

ရွာလုံးစိတ်တွင်၊ ဖိုးမောင်ဝင်၍

ပဲ့တင်ထပ်ကာ၊ ဟီးလျက်ပါတည့်

ဘယ်ခါမဆို၊ ဆီးလင့်ကြိုသို့

မှိုင်းညို့ညဥ့်ရိပ်၊ လူခြေတိတ်၍

ရေဆိပ်အနား၊ ရွာတံခါးမှ

ဂုတ်ကျားကျယ်လောင်၊ ရမ်းရော်ဟောင်သော်

ဖိုးမောင်လာပြီဆိုမြဲပင်။"[၁]

ဖိုးမောင်ကဗျာတွင် ဆရာက တောအလေ့အထကို ပေါ်လွင်အောင်ပြသည်။ ဖိုးမောင်ပြန်လာချိန်တိုင်း ခွေးဟောင်ပုံ၊ ကင်းသမားက တံခါးမလွယ်ပေါက်ကိုဖွင့်ပေးပုံ၊ လက်တစ်ဖက်တွင် မီးအုပ်ဆောင်း၊ တစ်ဖက်တွင် လှော်တက်ကိုင်ကာ ငါးပလိုင်းလွယ်၍ ကိုယ်ကိုငုံ့ကိုင်းရင်း တံခါးပေါက်မှ ငုံ့လျှိုး ဝင်လာပုံကို စာဖတ်သူ၏ မျက်စိထဲတွင် ထင်ရှားပေါ်လွင်အောင် ဖော်ပြထားသည်။ လူခြေတိတ်၍ မဲမှောင်နေချိန်၊ မှောင်ထဲမည်းထဲမှ ဇီးကွက်အော်သံ၊ တောက်တဲ့အော်သံ၊ ဂုတ်ကျားဟောင်သံများ ရောနှော၍ ကျေးတောရွာ၏ လမိုက်ညမြင်ကွင်းကို မြင်ယောင်ကြားယောင်လာသယောင် ထင်ရသည်။

[၁] မင်းသုဝဏ်၊မင်းယုဝေ။ ၁၉၆၇၊၂၉၃။

ဤသို့ မဲမှောင်နေသော ဆောင်းညတစ်ညတွင် ဖိုးမောင်နောက်မှ ဓားပြပါလာသည်။ ဖိုးမောင် သည် ဓားပြပါလာမှန်း အန္တရာယ်ပေးမည်မှန်းသိသော်လည်း ကိုယ်လွတ်မရုန်း၊ ရပ်ရွာချစ်စိတ်၊ ပင်ကိုယ်အသိစိတ်ဖြင့် ရွာတွင်းသို့ ဓားပြအဝင်မခံဘဲ ရွာကိုအသိပေးနှိုးဆော်ရင်း အသေခံခဲ့သည်။ ဆင်းရဲသောဖိုးမောင်၊ ရိုးသားသောဖိုးမောင်၊ တံငါသည်ဖိုးမောင်၊ ရွာကိုကယ်ဆယ်ခဲ့သည့် ဖိုးမောင် ၏ဖြစ်ရပ်ကို "ဖိုးမောင်နိဂုံး၊ ဤတွင်ဆုံးသည်"ဟု ကဗျာဆရာကဖော်ပြသည်။ သို့သော် ရွာသူ၊ ရွာသားများအတွက် ကျေးဇူးရှင်ဖိုးမောင်၏ အရိပ်အယောင်တို့ ပျောက်ကွယ်မသွားသလို စာဖတ်သူ များ၏ ရင်ထဲသို့ ဖိုးမောင်က စူးနစ်စွာဝင်ရောက်သွားသည်။ ကဗျာ၏ နိဂုံးတွင်-

"ရေဆိပ်အနား၊ ရွာတံခါးမှ၊

ဂုတ်ကျားကျယ်လောင်၊ ရမ်းရော်ဟောင်သော်၊

ဖိုးမောင်လာပြီဆိုမြဲပင်"

ဟူသောအဖွဲ့က အမျိုးအကျိုးအတွက် အသက်စတေးကာ ပေးဆပ်ခဲ့သော ဖိုးမောင်၊ လူသေသော် လည်း နာမည်မသေသော ဖိုးမောင်၏ ဂုဏ်ဒြပ်ကို ပေါ်လွင်စေသည်။ ထို့ပြင် ဖိုးမောင်ကို သတိရ နေဆဲ၊ သူ့ကျေးဇူးကို သတိရတမ်းတဆဲဖြစ်သော ရွာသူရွာသားများ၏ ကျေးဇူးသိစိတ်ကို နှစ်သက် ကျေနပ်မှုဖြစ်ပေါ်စေသည်။ အညတရဖြစ်သော်လည်း သူရဲကောင်းစိတ်ဓာတ်ရှိသည့် ဖိုးမောင်ကို သနားစိတ်နှင့် ဖိုးမောင်၏ လုပ်ရပ်ဂုဏ်ဒြပ်အတွက် ကျေနပ်နှစ်သက်ဂုဏ်ယူစိတ် ကရုဏာရသနှင့် သန္တရသတို့ တစ်ပြိုင်နက် ခံစားရရှိစေသည်။

ဆင်းရဲသော်လည်း ရိုးဖြောင့်သတ္တိရှိသော၊ လုပ်သင့်လုပ်ထိုက်သော အလုပ်ကို ရဲဝံ့မှန်ကန်စွာ ဆုံးဖြတ်ဆောင်ရွက်ခဲ့သော ဖိုးမောင်၏ စိတ်ဓာတ်နှင့်လုပ်ရပ်ကို နှစ်သက်စိတ်နှင့်အတူ ဖိုးမောင်လို အတ္တ-ကိုယ်ကျိုးထက် ပရ-အမျိုးအကျိုးကို ဦးစားပေးခဲ့သည့် စိတ်ကောင်းစိတ်မြတ်ကို လေးစား စိတ်ဖြစ်ပေါ်စေသည်။ လောကတွင် လူသေသော်လည်း နာမည်မသေသော လူကောင်း၊ လူတော်၊ လူပီသသူတစ်ဦးအဖြစ် ရပ်တည်လိုသည့်ဆန္ဒနှင့်အသိတရားတို့ကို ရင်ထဲသို့ သိမ်မွေ့စွာ ရောက်ရှိ သွားအောင် နှိုးဆော်ပေးနိုင်သော ကဗျာကောင်းတစ်ပုဒ်ဖြစ်ပါသည်။

## ၃၄။ လှိုင်းကလေးသင်

ဆက်လက်၍ ဆရာဇော်ဂျီ၏ "လှိုင်းကလေးသင်" ကဗျာမှပေးသော ရသနှင့် အသိအမြင်ကို လေ့လာတင်ပြလိုပါသည်။ ဆရာဇော်ဂျီသည် မြန်မာစာပေသမိုင်းတွင် ခေတ်စမ်းစာပေကို ဦးဆောင်ခဲ့သူတစ်ဦးဖြစ်သလို "ဗေဒါလမ်း"ကဗျာစု၊ "ငါ့ညီပြောင်ဝင်း မောင်သစ်ဆင်း" ကဗျာစု၊ "ရှေးခေတ်ပုဂံပြည်"ကဗျာများကြောင့် ကျော်ကြားသော စာဆိုတစ်ဦးဖြစ်သည်။ ကဗျာကဝိ၊ စာပေကဝိ ဆရာ ဇော်ဂျီသည် အမျိုးသားရေးလက္ခဏာအမြင်၊ လောကအမြင်များဖြင့် လူ့ဘောင်အကျိုးပြု ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ ပြဇာတ်စာပေမျိုးစုံ ရေးသားခဲ့သူဖြစ်သည်။ ဤ "လှိုင်းကလေးသင်"ကဗျာတွင် စာဆိုစေတနာကို လေ့လာတွေ့ရှိနိုင်သည်။ "လှိုင်းကလေးသင်"ကဗျာတွင်-

### လှိုင်းကလေးသင်

ပြင်ကျယ်ကျယ် ပင်လယ်စခန်းဆီက
သည်ကမ်းယံ စေတီဦးဆီသို့
ဖူးမျှော်ရန် ရောက်လာရင်းပေလော့
ဘော... အို အချင်း လှိုင်းကလေးသင်။
ကမ်းရောက်ပြန်တော့
တစ်ဖျောက်မြည်သံကျူ၍
နကိုယ်မူ စွန့်ကာပစ်ပါလို့
မူသစ်တဆင်ခြယ်၍
ပြင်ကျယ်ကျယ် ပင်လယ်စခန်းဆီသို့
မြန်းကြွမည့်သွင်
ဘယ်ဒေသဆီက
သင်ကြွကာ သည်ကိုလာ၍
ဘယ်နေရာ ဘယ်ဒေသဆီသို့
မြန်းမယ်လို့ သင်ဟန်ပြင်
ကြံချင်ဘု သည်အရေး။
သို့ကတဲ
စိတ်ထဲငါဆင်ခြင်ခဲ့
သင်လာစဉ် ပင်လယ်လမ်းမှာဖြင့်

မုန်တိုင်းလေ လှိုင်းရေကြမ်းသော်ကြောင့်
ပန်းခဲ့သူ ဇင်ယော်ငှက်ကိုလ
ကျောထက်ဝယ် ဆောင်ယူသယ်၍
ဖောင်သဖွယ် သင်ကူမတယ်လို့
တွေးဆကာ သည်အလွမ်းရယ်နဲ့
ဝမ်းမြောက်တယ်လေး။"[၁]

ဤကဗျာကို သာမန်ဖတ်ကြည့်ပါက ပင်လယ်ပြင်သဘာဝလှိုင်းကလေးအကြောင်း၊ ဇင်ယော်ငှက်ကလေးအကြောင်းကိုသာ ဖွဲ့ဆိုထားသည်ဟု ထင်မြင်ဖွယ်ရှိသည်။ သို့သော် ဤကဗျာကို သေချာစွာဖတ်ရှုတွေးတောမိပါက ကဗျာဆရာ၏ တင်စားမှု သင်္ကေတနိမိတ်ပုံများကို ခံစားနားလည်သိမြင် နိုင်သည်။ အပြောကျယ်သော ပင်လယ်ပြင်သည် လူ့လောကပြင်ကျယ်ကိုတင်စားပြီး လှိုင်းကလေး သည် သူ၊ ငါ ၊ သင်စသောလူသားများ၊ မုန်တိုင်းမိ၍ အတောင်ညောင်းသူ ဇင်ယော်ငှက်ငယ်မှာ ဆင်းရဲဒုက္ခရောက်သူ၊ ဘဝတွင် အားနည်းနုံချာသူ၊ ကံမကောင်း အကြောင်းမလှသူများကို တင်စား ဖွဲ့ဆိုကြောင်း နားလည်လာရသည်။

သူ၊ ငါ စသော လူသားများအနေဖြင့် မည်သည့်ဘဝက လာသည်၊ မည်သည့်ဘဝကိုရောက် မည်၊ မည်သည့်အသိုင်းအဝိုင်း မည်သည့် အဆင့်အတန်းသို့ ရောက်မည် စသည်ဖြင့် ဘုရားမှတစ်ပါး မသိနိုင်သော ဘဝသံသရာကို အချိန်ကုန်ခံ၍ တွေးတော ကြံဆနေသည်ထက်ဘဝတွင် အစုန်အဆန် ကျင်လည်လှုပ်ရှားရင်း ဘဝတစ်ကွေ့တွင် အမှတ်မထင်ဖြစ်စေ၊ မလွှဲမရှောင်သာဖြစ်စေ ကြုံတွေ့ရ သည့် ဆင်းရဲဒုက္ခရောက်သူ၊ အားနည်းနုံချာသူ၊ ကူညီဖေးမရမည့်သူများ၏ အကျိုးနှင့် လိုအပ်ချက်များ

[၁] ဇော်ဂျီ၊ ဆရာ၊ ၁၉၉၃၊ ၄၃။

ကို တတ်နိုင်သမျှ လက်တွေ့ကူညီဆောင်ရွက်ပေးခြင်းသည်သာ အကောင်းဆုံးဖြစ်ကြောင်း ဖော်ပြ သည်။

"ကြီးသူကို ရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကိုသနား" ဆိုသကဲ့သို့ မိမိထက် အစစ အရာရာနိမ့်ပါးသူ၊ လိုအပ်သူများကို ဖောင်သဖွယ် ကူညီပံ့ပိုးပေးနိုင်သည့် စိတ်ကောင်းစေတနာကောင်း ကို မွေးမြူတတ်စေရန် ညွှန်ပြနိုင်သည့် နှစ်သက်ဖွယ် သန္တရသပေးစွမ်းနိုင်သော ကဗျာကောင်း အဖြစ် ခံစားမိပါသည်။

မိမိထက်နိမ့်ပါးချို့တဲ့သူ မပြည့်စုံ၍လိုအပ်နေသူများကို မိမိတတ်နိုင်သလောက် နှုတ်၏ ဆောင်မကူညီခြင်း၊ လက်၏ဆောင်မကူညီခြင်းဖြင့် လူ့ဘဝကို တန်ဖိုးရှိစွာ နေထိုင်ခြင်းသည် အမြတ်ဆုံးလုပ်ရပ်ဖြစ်သည်။ ဘဝသံသရာတွင် ကျင်လည်နေသည့် လူသားတစ်ဦးအနေနှင့် လူ့ဘဝ ရောက်စဉ်

တစ်ခဏတွင် ကူညီရိုင်းပင်းတတ်သော လေးစားဖွယ်စိတ်ထားနှင့် လောကအလှဆင်သူ ဖြစ်ရန်၊ လောကအကျိုး၊ လူသားအကျိုးဆောင်ရွက်နိုင်ရန် အသိတရားကို လှုပ်နိုးပြလိုက်သကဲ့သို့ ရှိပါသည်။

**၃၊၅။ သူရဲကောင်းသုံးယောက်နှင့် ခရီးသည်**

နောက်ဆုံးအနေနှင့် ငွေတာရီ၏ "သူရဲကောင်းသုံးယောက်နှင့် ခရီးသည်" ကဗျာမှရရှိသော ရသခံစားမှုနှင့် ဘဝအသိအမြင်ကို တင်ပြသွားမည်ဖြစ်ပါသည်။ ငွေတာရီ (ခေါ်) ဆရာမဒေါ်ခင်ရီ၏ "သူရဲကောင်းသုံးယောက်နှင့် ခရီးသည်" ကဗျာမှာ လင်္ကာကဗျာတိုလေးတစ်ပုဒ်ပင်ဖြစ်သော်လည်း အနက်အဓိပ္ပာယ်မှာ လေးနက်ကျယ်ဝန်းလှသည်။ လူ့ဘုံလောကသို့ ရောက်ရှိလာကြသည့် လူသား တိုင်း လောကဓံတရား အခက်အခဲများနှင့် မလွဲမသွေ ရင်ဆိုင်ကြရမည်ဖြစ်သည်။ ဤသို့ ရင်ဆိုင်ရ လျှင် လူသားတိုင်းထားရှိရမည့် စိတ်ထားခံယူချက်ကို သတိပြုနိုင်အောင် ဖော်ညွှန်းပေးသည့် ကဗျာဖြစ်သည်။ ကဗျာမှာ-

**သူရဲကောင်းသုံးယောက်နှင့် ခရီးသည်**

စုံရိပ်မြိုင်ဆွယ်၊ ကန္တာလယ်
အို… ဘယ် ယောကျ်ား ခရီးသွား။
ဖော်လည်းမဆွယ်၊ တစ်ကိုယ်ငယ်
အိုဘယ်လူသား ကြောက်ဘူးလား။
ဤသို့မေးသော်
ရွှင်အေးကြည်သာ၊ ပြုံးမျက်နှာနှင့်
အို… ဘာကိုထောက်၊ ကြောက်ရမလဲ
သဟဲဖော်ညှို၊ သတ္တိရှိပြီ
ချစ်သည့်သဟာ၊ ဖွဲ့လည်းပါ၍
မက္ခာထပ်လောင်း၊ ငယ်ကပေါင်းသည့်
ဆွေကောင်းလုံ့လ၊ တူတကွတည့်
ဘေးကတူယှဉ်၊ ပါခဲ့လျှင်သော်
ငါ့တွင်သေချာ အောင်ဖို့ရာတည့်။
ယောကျ်ားငါ့ကိုယ်၊ မြွက်ဟဆို
ဖော်မလိုဘဲ တစ်ကိုယ်တဲ(တည်း)
တော်ပေ့လူမော် ပွဲတိုင်းကျော်

သုံးဖော်ဆွေလဲ (လည်း)။

တူယှဉ်တွဲသည်

အောင်မြဲမုချ အောင်မည်ပ။”[၁]

ဟူ၍ ကဗျာတွင် ကန္တာရခရီး၌ အဖော်မပါဘဲ တစ်ကိုယ်တည်းခရီးသွားနေသည့် ခရီးသွား ယောကျ်ားကို ဖန်တီးဖော်ပြသည်။ ထိုခရီးသွားကို စာဆိုက ယခုကဲ့သို့ တစ်ကိုယ်တည်း ခရီးသွား နေသည်ကို မကြောက်ဘူးလားဟု မေးမြန်းပုံ၊ ဤတွင် ခရီးသည်က မိမိတွင် မိတ်ဆွေကောင်းသုံးဦး နှင့်တူသည့် ‘အလုပ်တစ်ခုကို အားမလျှော့ဘဲ စွဲစွဲမြဲမြဲလုပ်နိုင်သော ဖွဲ့ဟူသည့် စွမ်းရည်၊ ရဲရင့်ခြင်း ဟူသည့် သတ္တိ၊ ကြိုးစားအားထုတ်ခြင်းဟူသည့် လုံ့လ’ဟူသော ဂုဏ်ရည်သုံးရပ် ယှဉ်တွဲပါလာသည့်

[၁] ငွေတာရီ၊ ၁၉၁၅၊ ၅၀။

အတွက် မည်သည့်အခက်အခဲ အတားအဆီးကိုမျှ မမှုပုံ၊ အခက်အခဲမှန်သမျှ ဖွဲ့၊ သတ္တိ၊ လုံ့လဟူသည့် ဂုဏ်ရည်သုံးရပ်ကို လက်ကိုင်ပြုကာ ရင်ဆိုင်သွားလျှင် အောင်မြင်မှုများကို ဧကန်မုချရနိုင်မည် ဖြစ်ကြောင်း ပြောကြားပုံ၊ ခရီးသည်၏ အဖြေစကားကို မေးမြန်းသူစာဆိုက မှန်ကန်ကြောင်း ထောက်ခံသည့်အပြင် ဖွဲ့၊သတ္တိ၊လုံ့လရှိသူတိုင်းအတွက် အောင်မြင်မှုပန်းတိုင်သို့ မုချလှမ်းနိုင်မည် ဖြစ်ကြောင်း မှတ်ချက်ချပုံဖြင့် အဆုံးသတ်ထားပါသည်။

ကဗျာပါ အကြောင်းအရာမှာ ဤမျှသာဖြစ်သော်လည်း အနက်အဓိပ္ပာယ်မှာ ကျယ်ဝန်းလှ သည်။ ကဗျာပါ ခရီးသွားသည် သံသရာခရီးသည်လူသားအားလုံးကို ကိုယ်စားပြုနိုင်သည်။ ခက်ခဲ ကြမ်းတမ်းသော ကန္တာရခရီးမှာ လူသားတို့ မလွဲမသွေ ဖြတ်သန်းရမည့် လူ့ဘဝခရီးရှည်တစ် လျှောက်လုံးကို ဆိုလိုသည်။မိတ်ဆွေသုံးဦးမှာ ဖွဲ့၊ သတ္တိ၊ လုံ့လဟူသည ဂုဏ်ရည်သုံးရပ်ကို ဆိုလို သည်။

လူသားအားလုံးသည် လူ့ဘဝခရီးရှည်ကြီးကို ဖြတ်သန်းကြရာတွင် ဘဝကို ရှုံးတစ်ခါ နိုင်တစ်လှည့် ဖြတ်သန်းကြရပေမည်။ ပျော်ရွှင်စရာအဖြစ်များနှင့်လည်း တွေ့နိုင်သည်။ ဝမ်းနည်း ကြေကွဲဖွယ်ရာ နေ့ရက်များနှင့်လည်း ကြုံနိုင်သည်။ မော်ကြွားရသည့်အခါများလည်း ရှိနိုင်သလို ခေါင်းငုံ့ငိုကြွေးရသည့် ဝမ်းနည်းဖွယ်အဖြစ်များကိုလည်း ရင်ဆိုင်ကြရပေမည်။ သို့သော် မည်သည့် အခက်အခဲမျိုးကို ကြုံတွေ့ပါစေ ဒူးမထောက်လက်မမြှောက်ဘဲ ရင်ဆိုင်နိုင်သည့် ခွန်အားများကို မွေးမြူထားရှိရပေမည်။ ထိုခွန်အားများမှာ ဖွဲ့၊ သတ္တိ၊ လုံ့လတို့ပင် ဖြစ်သည်။

လောကလူသားတိုင်း ဖွဲ့၊ သတ္တိ၊ လုံ့လတို့နှင့် ပြည့်စုံနေမည်ဆိုပါက “တောင်ကြီးလည်း ဖဝါးအောက်ရောက်အောင် တက်နိုင်သည်။ လှိုင်းကြီးလည်း လှေအောက်ရောက်အောင် လှော်နိုင် မည်” ဖြစ်သည်။ လူသားတိုင်း ဖွဲ့၊ သတ္တိ၊ လုံ့လတို့ကို လက်ကိုင်ထားကြိုးစားပါက “ငုပ်မိသဲတိုင်၊

တက်နိုင်ဖျားရောက်” ဆိုသည့် စကားပုံအတိုင်း အထွတ်အထိပ်၊ အခေါင်အဖျားအထိရောက်အောင် အောင်မြင်နိုင်ကြပေမည်။ ရည်ရွယ်ချက်ကောင်းမွန်သော ဤကဗျာကို ဖတ်မိတိုင်း ဘဝတွင် တက်ကြွ စွာ ကြိုးစားလိုစိတ် ဝီရိယ ခံစားရကာ နှစ်သက်ကျေနပ်မှု သန္တရသများ ဖြစ်ပေါ်စေသည်။

စာဆိုတွေတာရီသည် ငယ်စဉ်က ကျန်းမာရေးချို့တဲ့မှုကြောင့် ပညာကို ဆုံးခန်းတိုင်အောင် မသင်ကြားနိုင်ခဲ့ပေ။ သို့သော် စာဆိုတွေတာရီသည် ဘဝကိုအရှုံးမပေး၊ အားမငယ်ဘဲ သူ၏ ကဗျာပါ စာသားအတိုင်း ဖွဲ၊ သတ္တိ၊ လုံ့လတို့ကို လက်ကိုင်ပြုကြိုးစားခဲ့သဖြင့် စာပေဗိမာန်ဆုပိုင်ရှင်အဖြစ် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။ စာဆိုသည် မိမိခံစားမှုနှင့် ယှဉ်၍ရခဲ့သည့် ဘဝအသိကို ဤကဗျာတွင် ဖော်ပြထားသည်။

လူသားတိုင်း လိုတရပြည့်စုံသည်ဟူ၍ မရှိပေ။ မပြည့်စုံသည့် လူသားတို့အနေနှင့် မိမိတို့၏ အားနည်းချက်၊ ချို့ယွင်းချက်၊ လိုအပ်ချက်များကို တွေးတောဝမ်းနည်းနေမည့်အစား ဖွဲ၊ သတ္တိ၊ လုံ့လ ထားပြီး ကြိုးစားပါက မိမိရည်မှန်းချက်ပန်းတိုင်သို့ အနေးနှင့်အမြန် အရောက်လှမ်းနိုင်မည်၊ အောင်မြင်မှုများ ရရှိနိုင်မည်ဟူသော အသိအမြင်ကို ညွှန်ပြဖွဲ့ဆိုထားသည်။ ဘဝတွင် ရှုံးနိမ့်ချိန်၊ အဆင်မပြေချိန်၊ ဝမ်းနည်းအားငယ်ချိန်တွင် ပြန်လည်ကြိုးစား၊ နိုးကြားစေသည့် စိတ်အားတက်ကြွ မှု ဝီရိယနှင့်ယှဉ်၍ ကျေနပ်နှစ်သက်မှုသန္တရသကိုဖြစ်ပေါ်စေကာ စိတ်ဓာတ်ခွန်အား အသိတရား များ ပေးစွမ်းနိုင်သော ကဗျာကောင်းတစ်ပုဒ်ဟု ဆိုချင်ပါသည်။

**ခြုံငုံသုံးသပ်ချက်**

ဤစာတမ်းတွင် အနန္တသူရိယအမတ်၏ "သူတည်းတစ်ယောက်"အစချီ မျက်ဖြေလင်္ကာ၊ ရှင်ဥတ္တမဇိမ်းမယ် ၏ "ငါ့ကိုကွယ်အမယ်ကြီးနဲ့ဘကြီးဖျက်လို့" ချီအိုင်ချင်း၊ ဆရာမင်းသုဝဏ်၏ "ဖိုးမောင်လာပြီ"၊ ဆရာဇော်ဂျီ၏ "လှိုင်းကလေးသင်"၊ ငွေတာရီ၏ "သူရဲကောင်းသုံးယောက်နှင့် ခရီးသည်" ကဗျာ များမှပေးသော ရသနှင့် အသိအမြင်ကို လေ့လာတင်ပြပြီးဖြစ်ပါသည်။

အနန္တသူရိယအမတ်၏ "သူတည်းတစ်ယောက်" အစချီ မျက်ဖြေလင်္ကာမှ စာဆိုကို သနားခြင်း ကရုဏာရသ၊ အံ့ဩလေးစားခြင်း အဗ္ဘုတရသ၊ ကြောက်လန့်သံဝေဂရခြင်း ဘယာနက ရသ၊ နှစ်သက်လေးစားခြင်းဟူသော သန္တရသခံစားမှုနှင့် တရားအသိ၊ လောကအသိအမြင်ကို ရရှိ စေသည်။

"ငါ့ကိုကွယ် အမယ်ကြီးနဲ့ ဘကြီးဖျက်လို့" ချီအိုင်ချင်းမှ မောင်မယ်ချစ်ခြင်း သိင်္ဂါရရသ၊ သနားကြင်နာခြင်း ကရုဏာရသနှင့်အတူ ရွှင်မြူးဖွယ် ဟာသရသများကိုပါ ခံစားစေသည့်အပြင် လက်တွေ့နှင့် စိတ်ကူးကွာခြားတတ်သည့် လောကသဘာဝနှင့် လူ့စိတ်မနောကို သိရှိစေသည်။

"ဖိုးမောင်လာပြီ"ကဗျာမှ သနားခြင်း ကရုဏာရသနှင့် နှစ်သက်လေးစားခြင်း သန္တရသ ခံစားမှုကို ဖြစ်ပေါ်စေကာ လူသားတစ်ဦး၏ တာဝန်သိစိတ်ကို တွေ့မြင်ရသည်။

ဇော်ဂျီ၏ "လှိုင်းကလေးသင်"ကဗျာတွင် ကျေနပ်နှစ်သက်ခြင်း သန္တရသခံစားမှုနှင့်အတူ လူသားပီသသောစိတ်ဓာတ် လူ့တန်ဖိုးကို မြင့်မားစေသည့် ဂုဏ်ပုဒ်များကို သိမြင်နိုင်ရန် နှိုးဆော်ပေး နိုင်သည်။

ငွေတာရီ၏ "သူရဲကောင်းသုံးယောက်နှင့်ခရီးသည်"ကဗျာမှ တက်ကြွမှုဝီရသ၊ နှစ်သက်မှု သန္တရသ ခံစားချက်များနှင့်အတူ ဘဝခရီးကို ဖြတ်သန်းရာတွင် လက်ကိုင်ထားရှိရမည့် အားမာန်ကို နှိုးထစေသည်။

## နိဂုံး

ကဗျာစာဆိုများသည် လောကသဘာဝအဖြစ်အပျက်များကို ကိုယ်တိုင်ခံစား၊ လေ့လာပြီး စာကဗျာ များကို ဖွဲ့ဆိုသည်။ ထို့ကြောင့် ကဗျာများမှ လောကသဘာဝအလှအပ၊ လူသားတို့၏ အားမာန်၊ လူသားတို့၏ စွမ်းရည်တို့ကို တွေ့ရှိခံစားနိုင်သည်။ ရသစာပေသည် လွန်စွာတန်ဖိုးအာနိသင်ရှိသည်။ ရသစာပေတွင် အကျုံးဝင်သည့်မြန်မာကဗျာကောင်းများကို ဖတ်ရှုခံစား၍ စာဖတ်သူ၏ အသိအမြင်၊ အားမာန်၊ စွမ်းရည်များကို နှိုးထသက်ဝင်စေသည်။ ဤစာတမ်းပါ ကဗျာများမှ ပေးစွမ်းသည့် ရသ များကို နှစ်သက်ခံစားမှုနှင့်အတူ စာပေချစ်စိတ်၊ ဒေသချစ်စိတ်၊ လောကအမြင်၊ ဘဝအမြင်များ ရှင်သန်နှိုးထနိုင်လိမ့်မည်ဟု ထင်မြင်ယူဆမိပါသည်။

**ကျမ်းကိုးစာရင်း**

ချိုချိုတင့်၊ ဒေါက်တာ၊ ပါမောက္ခ- (မြန်မာစာ)။ (၂၀၁၁)။ မြန်မာစာသုတေသနစာတမ်းများ။ ရန်ကုန်၊ Wisdom House စာပေ။

ခင်မင်၊ မောင်၊ (ဓနုဖြူ)။ (၂၀၁၀)။ ချစ်သူများကို အဆုံးစီရင်ခြင်း (စာပေသုတေသန၊ စာပေသဘော တရားနည်းနာ၊ စာပေရေးရာ)။ ရန်ကုန်၊ ကံ့ကော်ဝတ်ရည်စာပေ။

ဂန္တဝင်စာပေစာတမ်းများ (ပထမတွဲ)။ (၁၉၉၁)။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

ဂန္တဝင်စာပေစာတမ်းများ (ဒုတိယတွဲ)။ (၁၉၉၂)။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

စာပေဂျာနယ်။ ၁၉၉၅၊ စက်တင်ဘာလ။ ရန်ကုန်၊ အားမာန်သစ်စာပေ။

ဇော်ဂျီ၊ ဆရာ။ (၁၉၉၃)။ ဆရာဇော်ဂျီစာပေါင်းချုပ် (ပထမတွဲ)။ ရန်ကုန်၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့။

ဇော်ဂျီ၊ ဆရာ။ (၁၉၉၄)။ ဆရာဇော်ဂျီစာပေါင်းချုပ် (တတိယတွဲ)။ ရန်ကုန်၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့။

ဇော်ဂျီ။ (၂၀၀၄)။ ရသစာပေအဖွင့်နှင့်နိဒါန်း။ ရန်ကုန်၊ နှင်းဦးလွင်စာပေ။

ထွန်းမြင့်ဦး၊ ဒဂုန်။ (၁၉၉၇)။သုခမှတ်စု၊ဆဋ္ဌမအကြိမ်၊ ရန်ကုန်ပါရမီစာပေ။

ဖေမောင်တင်၊ ဦး၊ ပါမောက္ခ။ (၂၀၁၃)။ မြန်မာစာပေသမိုင်း၊ ဧကဒသမအကြိမ်၊ ရန်ကုန်၊ ရာပြည့်စာပေ။

မင်းသုဝဏ်နှင့် မင်းယုဝေ။ (၁၉၆၇)။ ကဗျာ့ပရိယာယ်။ ရန်ကုန်၊ နှလုံးလှစာပေတိုက်။

မြန်မာကဗျာစာတမ်းများ။ (၁၉၈၄)။ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်တိုက်။

မြန်မာကဗျာလက်ရွေးစင်၊ ဒသမတန်း။ (၂၀၁၅)။ ပညာရေးဝန်ကြီးဌာန။ ရန်ကုန်၊ ရွှေမြန်မာ ပုံနှိပ်တိုက်။

မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းနှင့်ခွဲထား။ (၂၀၁၁)။ နေပြည်တော်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

မြန်မာအဘိဓာန်။ (၁၉၉၁)။ ရန်ကုန်၊ မြန်မာစာအဖွဲ့ဦးစီးဌာန။

# ကျေးဇူးတင်လွှာ

ဤစာတမ်းကို ရေးသားပြုစုနိုင်သည်အထိ ပညာအမွေပေးခဲ့သော လက်ဦးဆရာ မိဘနှစ်ပါး၊ မြန်မာစာပေတန်ဖိုးကို သိမြင်၍ စာပေချစ်စိတ်ကို အမြစ်တွယ်အောင် ပျိုးထောင်ပြုစုပေးခဲ့သော ဆရာကြီး ဒေါက်တာခင်အေး (အငြိမ်းစား ပါမောက္ခ၊ ဌာနမှူး၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဒေါက်တာအောင်မြင့်ဦး (ပါမောက္ခ၊ ဌာနမှူး၊ မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်)နှင့် ကျေးဇူးရှင် သင်ဆရာများအားလုံး၊ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲတွင် စာတမ်းရေးသားဖတ်ကြားခွင့်ပြုခဲ့သော ဒေါက်တာရီရီဝင်း (ပါမောက္ခချုပ်၊ သမဝါယမတက္ကသိုလ်၊ သန်လျင်)၊ ဒေါ်မြင့်မြင့်စိန် (ဒုတိယပါမောက္ခချုပ်၊ သင်ကြား၊ သမဝါယမတက္ကသိုလ်၊ သန်လျင်)၊ ဒေါက်တာအေးအေးမော် (ပါမောက္ခ၊ ဌာနမှူး၊ မြန်မာစာဌာန၊ သမဝါယမတက္ကသိုလ်၊ သန်လျင်)နှင့် မြန်မာစာဌာနမှ လုပ်ဖော်ကိုင်ဖက် ဆရာ၊ ဆရာမများအားလုံးကို ကျေးဇူးအထူးတင်ရှိကြောင်း မှတ်တမ်းတင်အပ်ပါသည်။

## စာတမ်းရှင်၏ ကိုယ်ရေးအကျဉ်း

အဖ ဦးကျော်သန်း (ကထိက၊ အငြိမ်းစား၊ သမဝါယမကောလိပ်၊ ဖောင်ကြီး)နှင့် အမိ ဒေါ်သန်းအေး တို့မှ ၁၉၆၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၈)ရက်နေ့တွင် မွေးဖွားပြီး ရန်ကုန်ဇာတိဖြစ်သည်။ ၁၉၈၅-၁၉၈၆ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ပြီး ၁၉၉၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာ (ဂုဏ်ထူး)ဘွဲ့၊ ၁၉၉၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ ရရှိခဲ့သည်။ ၁၉၉၇ ခုနှစ် မှ ၂၀၁၂ ခုနှစ်အထိ သမဝါယမကောလိပ် (ဖောင်ကြီး)တွင် နည်းပြ၊ အကြီးတန်းနည်းပြ၊ လက်ထောက် ကထိက၊ ကထိကရာထူးနှင့် တာဝန်အဆင့်ဆင့်ကို ထမ်းဆောင်ခဲ့သည်။ ၂၀၁၂ ခုနှစ်မှ ၂၀၁၄ခုနှစ် ဧပြီလထိ သမဝါယမတက္ကသိုလ် (စစ်ကိုင်း)တွင် တွဲဖက်ပါမောက္ခအဖြစ်လည်းကောင်း၊ ၂၀၁၄ ခုနှစ် ဧပြီလမှ ယနေ့ထိ သမဝါယမတက္ကသိုလ် (သန်လျင်) မြန်မာစာဌာနတွင် တွဲဖက်ပါမောက္ခအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်လျက်ရှိပါသည်။